## စာရေးသူ၏အမှာ

ဤ 'သွေးစွန်းသောနေ့ရက်များ' သည် သမ္မတလင်ကွန်း၊ ဗိုလ်ချုပ်အောင်ဆန်း၊ မဟတ္တမဂန္ဒီနှင့် သမ္မတ ကနေဒီ တို့ လုပ်ကြံခံရစဉ်က အဖြစ်အပျက်များကို ခိုင်လုံသော အထောက်အထားများ၊ တိကျသော အချက်အလက်များဖြင့် စာအုပ်စာတမ်းပေါင်း မြောက်မြားစွာတို့မှ ထုတ်နုတ်ကိုးကား ရေးသားပြုစုထားသည့် စာအုပ်ဖြစ်ပါသည်။

မိမိတိုင်းပြည်နှင့် မိမိလူမျိုးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် တိုင်းပြည်ခေါင်းဆောင်များနှင့် အမျိုးသား ခေါင်းဆောင်များအား မသမာသူများက ယုတ်မာကောက်ကျစ်စွာ လုပ်ကြံခဲ့ကြသည့် ဖြစ်ရပ်များသည် တိုင်းနိုင်ငံ အတော်များများတွင် ဖြစ်ပွားပေါ်ပေါက်ခဲ့ကြဖူးပါသည်။

ယင်းသို့သော ဖြစ်ရပ်များအနက် အထက်ဖော်ပြပါ ခေါင်းဆောင်ကြီးလေးဦး အသက်ဆုံးရှုံးခဲ့ကြရသည့် လုပ်ကြံမှုကြီးများသည် အထင်ရှားဆုံးနှင့် စိတ်ထိခိုက်ဖွယ်ရာ အကောင်းဆုံးသော နိုင်ငံတကာ သမိုင်းဝင်ဖြစ်ရပ်ကြီးများ ဖြစ်ကြပါသည်။

၁၈၆၅–ခု ဧပြီလ ၁၄ ရက်နေ့က ဖြစ်ပွားခဲ့သည့် သမ္မတလင်ကွန်းအား လုပ်ကြံမှုကြီးမှာ ယခုအခါ နှစ်ပေါင်း ၁၀၀ နှစ်တိတိ ရှိခဲ့ပြီဖြစ်ပါသည်။ သို့သော် အမေရိကန် အမျိုးသားများနှင့်တကွ ကမ္ဘာပြည်သူများသည် ဤလုပ်ကြံမှုကြီးအကြောင်းကို ယနေ့ထက်တိုင် မမေ့ရက်နိုင်ဘဲ



ရှိနေကြပါသေးသည်။ အထူးသဖြင့် အမေရိကန်သမ္မတများအနက် အမြော်အမြင်အကြီးမားဆုံး၊ ဉာဏ်ပညာ အထက်မြက်ဆုံးဖြစ်သော အီဘရာဟင်လင်ကွန်းအား မသမာသူတစ်ဦးက ရူးသွပ်မိုက်မဲစွာ လုပ်ကြံသတ်ဖြတ်ခဲ့သည်ကို ယခုအထိ ပြော၍မဆုံး ယူကျုံးမရ တသသဖြစ်နေကြပါသည်။

အလားတူပင် မြန်မာတစ်မျိုးသားလုံး၏ ချစ်ခင်မြတ်နိုး အားကိုးယုံကြည်ခြင်းခံရသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ခေါင်းဆောင်ကြီးများအား လူယုတ်မာများက လွန်ခဲ့သည့် ၁၉၄၇ ခု ဇူလိုင်လ ၁၉ ရက်နေ့က ရက်ရက်စက်စက် လုပ်ကြံသတ်ဖြတ်ခဲ့ကြစဉ်ကလည်း တစ်မျိုးသားလုံး ချုံးပွဲချ၍ ရှိုက်ကြီးတငင် ငိုကြွေးခဲ့ကြရပါသည်။ မြန်မာပြည်သူများအဖို့ ရင်နာဖွယ်ရာကောင်းလှသည့် ဤအဖြစ်ဆိုးကြီးကို 'ကမ္ဘာကြေသော်လည်း ဥဒါန်းမကြေ' နိုင်ဘဲ ထာဝစဉ် အမှတ်ရနေကြမည်သာ ဖြစ်ပါသည်။

တစ်ဖန် သန်းပေါင်း ၄၀၀ ကျော်မျှသော အိန္ဒိယအမျိုးသားများနှင့်တကွ ကမ္ဘာပြည်သူများက ရိုသေဝပ်တွား လေးစားကြည်ညိုကြရသည့် သူတော်စင် သူတော်မြတ် မဟတ္တမဂန္ဒီကြီးအား ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့က လူသတ်သမားတစ်ဦးက အဓိပ္ပာယ်ကင်းမဲ့စွာ ပစ်ခတ်သတ်ဖြတ်ခဲ့သည့် ဖြစ်ရပ်ကြီးမှာလည်း ကမ္ဘာတစ်ခုလုံး ကြိမ်မီးအုံးသလို မချိတင်ကဲ ဝမ်းနည်းမဆုံး ဖြစ်ခဲ့ကြရပါသည်။ ဂန္ဒီကြီး ကွယ်လွန်အနိစ္စရောက်ခဲ့ရသည်မှာ အလင်းရောင် ကွယ်ပျောက်၍ လောကအလုံး အမှောင်ထုဖုံးသလို ဖြစ်ခဲ့ရပါသည်။

ထို့နောက် လွန်ခဲ့သည့် ၁၉၆၃ ခု နိုဝင်ဘာလ ၂၂ ရက်နေ့က အမေရိကန်သမ္မတ ကနေဒီအား လူသတ်သမားတစ်ယောက်က ရက်စက်ယုတ်မာစွာ ချောင်းမြောင်းလုပ်ကြံခဲ့ရာ ထိုစဉ် ထိုအခါက အမေရိကန်ပြည်ထောင်စုကြီးနှင့်တကွ ကမ္ဘာတစ်ခုလုံး တုန်လှုပ်ချောက်ချား၍ ထိတ်လန့်တကြား ဖြစ်ခဲ့ကြရပါသည်။ လူသတ်သမားလက်ချက်ဖြင့် ကျဆုံးခဲ့ရရှာသော သမ္မတကနေဒီအတွက် မချိတင်ကဲ ကြေကွဲမဆုံး ဖြစ်နေကြရစဉ် လုပ်ကြံမှုတရားခံဟု ယုံကြည်ယူဆကာ ဖမ်းဆီးချုပ်နှောင်ထားသော လူသတ်သမားအား အခြားလူတစ်ယောက်က ရဲနှင့် စုံထောက်များအပါအဝင် လူအများရှေ့မှောက်တွင် သေနတ်ဖြင့် ပစ်သတ်လိုက်ပြန်ရာ



ကနေဒီ လုပ်ကြံမှုမှာ သမိုင်းဝင် လုပ်ကြံမှုကြီးများအနက် အဆန်းကျယ်ဆုံးနှင့် စိတ်ဝင်စားဖွယ်အကောင်းဆုံး ဖြစ်လာခဲ့ရပါသည်။

စာရေးသူသည် အထက်ပါ လုပ်ကြံမှုကြီးများကို မှတ်တမ်းတင်ရာ၌ အချက်အလက် အထောက်အထားများနှင့် အဖြစ်အပျက် အကိုးအကားများ တိကျပြည့်စုံ ခိုင်လုံသေချာစေရန် စာအုပ်ပေါင်းများစွာ ရှာဖွေစုဆောင်းလေ့လာဖတ်ရှု ရေးသားပြုစုခဲ့ပါသည်။

ယင်းသို့ စာအုပ်စာတမ်းများ ရှာဖွေစုဆောင်းရာ၌ ဝိုင်းဝန်းကူညီခဲ့ကြသော ဦးတင် (ဗ–လ–စ ဥက္ကဋ္ဌဟောင်း)၊ ဦးထွန်းတင် (ဝတ်လုံ) တို့အားလည်းကောင်း၊ ပါရဂူ၊ မောင်နေဝင်း၊ တင်ထွေး (ကြေးမုံ)နှင့် မောင်ဇနိယ စသောစာရေးဆရာများအားလည်းကောင်း၊ စာရေးသူ၏ ဘကြီးဦးဘကလေးနှင့် ညီ မောင်အောင်မြင့် တို့အားလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း အမှတ်တရ ဖော်ပြလိုပါသည်။

ဤအမှာတွင် နိဂုံးချုပ်အားဖြင့် အစီရင်ခံလိုသည်မှာ ဤ 'သွေးစွန်းသောနေ့ရက်များ'ကို ရေးသားပြုစုရာ၌ စာရေးသူသည် အထက်ဖော်ပြပါ လုပ်ကြံမှုကြီးများအကြောင်း သိကောင်းစရာ သမိုင်းဝင် အချက်အလက်များကို သာမန်အားဖြင့် လေ့လာမှတ်သားနိုင်ကြစေရန်သာ မဟုတ်ဘဲ ဤဆိုးဝါးလှသည့် လုပ်ကြံမှုကြီးများ၏ အနိဋ္ဌာရုံများကိုပါ စာဖတ်သူများ အောက်မေ့ထင်မြင် ဆင်ခြင်နိုင်ကြစေရန် ရည်ရွယ်ပါသည်။

**လင်းယုန်မောင်မောင်**

၁၉–၇–၆၆

## မှီငြမ်းကိုးကားသော စာအုပ်စာတမ်းများ


| | |
|---|---|
| THE ABRAHAM LINCOLN MURDER CASE | Theodore Roscoe |
| LINCOLN THE UNKNOWN | Dale Carnegie |
| LINCOLN FOR THE AGES | Ralph G. Newman |
| A TRIAL IN BURMA | DR. Maung Maung |
| ထောင်နှင့်လူသား | လူထုဦးလှ |
| ဗိုလ်ချုပ်အောင်ဆန်း | ဗိုလ်ထွန်းလှ |
| ခေါင်းဆောင်ကြီးများကျဆုံးရစဉ်က | ဦးဇဂျမ်း |
| MAHATMA | D.G. Tendulkar |
| MAHATMA GANDHI | Dr. S. Radakrishnam |
| MAHATMA GANDHI, THE LAST PHASE | Pyarelal |
| NINE HOURS TO RAMA | Stanley Wolpert |
| THE OFFICIAL WARREN COMMISSION REPORT ON THE ASSASSINATION OF PRESIDENT JOHN F. KENNEDY. | |
| TIME | Vol. 82 No. 22 |
| ကနေဒီ ဘာကြောင့်အသတ်ခံရသလဲ | တင်ထွေး |


## မာတိကာ


**၁၈၆၅ ခု၊ ဧပြီလ ၁၄ ရက်** ၁၁

၁။ ကျော်ကြားလိုသော ဇာတ်မင်းသားတစ်ယောက် ၁၇

၂။ လူသတ်သမားတို့၏ လျှို့ဝှက်အကြံအစည်များ ၃၁

၃။ ဇာတ်ရုံထဲမှ လူသတ်မှု ၄၇

၄။ သမ္မတလင်ကွန်း၏ နောက်ဆုံးနေ့ရက် ၅၈

၅။ ပြည်ထဲရေးဝန်ကြီးအိမ်မှ သွေးစက်များနှင့် သွေးကွက်များ ၆၇

၆။ အိပ်ချိုလမ်း အိမ်နံပါတ် ၅၄၁ ၈၅

၇။ ရာဇဝတ်ဘေး ပြေး၍လွတ်အံ့လော ၉၂

၈။ အသေဆိုးဖြင့် သေရမည့်သူ ၁၀၅

၉။ လူသတ်သမား၏ နောက်ဆုံးသွားရာလမ်း ၁၁၇

၁၀။ သွေးစွန်းသော နေ့တစ်နေ့ ၁၂၉

**၁၉၄၇ ခု ဇူလိုင်လ ၁၉ ရက်** ၁၃၃

၁။ ကြိုဟ်မွှေသော ထိုစနေ ၁၃၉

၂။ လက်ပူးလက်ကြပ်မိခြင်း ၁၄၉

၃။ ၁၉ ဇူလိုင် မမေ့နိုင် ၁၅၉

၄။ အကြံကုန်၍ ဂဠုန်လက်နက်စုခြင်း ၁၆၈

၅။ စိတ်ဝင်စားဖွယ် အချက်အလက်များ ၁၉၅

၆။ လုပ်ကြံမှု၏ နိဂုံးအချုပ် ၂၁၈

**၁၉၄၈ ခု ဇန်နဝါရီလ ၁၀ ရက်** ၂၂၇

၁။ ဆုတောင်းပွဲမှ သေနတ်သံ ၂၃၃

၂။ အကြမ်းဖက်သမားတို့၏ အောင်ပွဲ ၂၄၃

၃။ ပူးနားမြို့မှအယ်ဒီတာတစ်ယောက် ၂၅၃

၄။ သေမင်းတမန် ဗုံးပေါက်ကွဲသံ ၂၆၇

၅။ ဒေလီဘူတာမှ ဘီလာဂေဟာသို့ ၂၇၄

၆။ အမှောင်ထဲမှ တမ်းတသံများ ၂၈၇

**၁၉၆၃ ခု နိုဝင်ဘာလ ၂၂ ရက်** ၂၉၇

၁။ သူသေပြီ ၃၀၅

၂။ နိဂုံးမချုပ်လိုက်ရသော နိဂုံးချုပ်မိန့်ခွန်း ၃၁၃

၃။ သေနတ်သံသုံးချက် ကြားရပြီးနောက် ၃၂၃

၄။ မနေ့ကနှင့်မတူသော ယနေ့ ၃၃၂

၅။ ရုပ်ရှင်ရုံထဲမှ လူသတ်သမား ၃၃၈

၆။ ဆန်းပြားသော ရှုပ်ထွေးသော နောက်ကြောင်း ၃၄၉

၇။ ကမ္ဘာပေါ်တွင် အကြီးဆုံးသော အာမေဋိတ်သံကြီး ၃၆၀

၈။ အယ်ဒီတာထံ ပေးစာတစ်စောင် ၃၆၉


❐